# ပြည်သူလူထုဟာသစ္စာမဖောက်ဘူး

ညောင်နှစ်ပင်ညီလာခံကနေ ဗမာပြည်နိုင်ငံရေးကို သေဒဏ်ပေးဖို့နောက်ဆုံးစီရင်ချက်ချဖို့ စည်းဝေးနေချိန်မှာပဲ လမ်းမတွေပေါ်မှာ ပြည်သူလူထုဟာ အဲဒီညောင်နှစ်ပင်ညီလာခံအပါ နအဖစစ်အုပ်စုကိုပါ သေဒဏ်ပေးဖို့ ဆန္ဒပြနေကြတယ်။

နအဖအဖို့ အလစ်ခံလိုက်ရတာလို့ မပြောနိုင်ဘူး။ သူတို့ပြင်ဆင်ထားတာတွေ အများကြီးပဲ။ ဒါပေမဲ့ သူတို့တွက်ထားတာထက် ဖြိုခွဲရခက်နေတာတော့ အမှန်ပဲ။ ဆန္ဒပြပွဲတခုကို ဖြိုခွဲရတာ မခက်ဘူး။ ဒါပေမဲ့ ဆန္ဒပြပွဲမှန်သမျှ ပျောက်သွားအောင်လုပ်ဖို့ကျတော့ သူတို့ထင်သလိုမလွယ်တာ တွေ့နေရတယ်။ နောက်ပြီး ဒါတွေဟာ အခုမှအစပဲရှိသေးတယ်ဆိုတာကို ဗမာပြည်ရဲ့နိုင်ငံရေးအကြောင်းနားလည်သူတိုင်း သဘောပေါက်ကြတယ်။ နအဖလည်းကောင်းကောင်းနားလည်တယ်။ သူခိုးနဲ့အိမ်ရှင်သာသိတယ်ဆိုတာမျိုး။ အခုကိစ္စဟာ လောင်စာဆီ ပြဿနာသက်သက်မဟုတ်ဘူးဆိုတာလည်း ရှင်းနေတယ်။

အမှန်ပဲ၊ အစဆိုတော့ ပါဝင်တဲ့ဦးရေနည်းနေသေးတယ်။ တချို့က ပြည်သူလူထုကြီး ပါမလာရကောင်းလားလို့ စိတ်တို၊ စိတ်ပျက်တာတွေ ကြားနေ၊ တွေ့နေရတယ်။ တချို့ကဆိုရင် ပြည်သူလူထုဟာ ကြောက်တယ်လို့တောင် နိဂုံးချုပ်ကြတယ်။ လောကမှာ ကိုယ်လုပ်တဲ့ အလုပ်တိုင်း သူများလိုက်မလုပ်တာကို သတ္တိနည်းတယ်လို့ လက်ညှိုးထိုးလို့ မဖြစ်ပါဘူး။ ဘာကြောင့် အဲဒီလိုကွာဟနေတယ်ဆိုတာကို သေသေချာချာ လေ့လာပိုင်းခြား နည်းနာရှာဖို့ပဲဖြစ်တယ်။

လမ်းပေါ်မှာ ဆန္ဒပြနေကြသူတွေက ပတ်ဝန်းကျင်ကလူတွေကို "မကြောက်ကြပါနဲ့၊ ထွက်ခဲ့ကြပါ၊ ပူးပေါင်းလှည့်ပါ"လို့ လှမ်းပြီးခေါ်တာ မဆန်းဘူး။ ဒါပေမဲ့ ဆန္ဒပြပွဲအောင်မြင်မှုမရတာ လူထုကြီးကြောက်နေလို့ဆိုပြီး နိဂုံးချုပ်လို့ကတော့ အမှားကြီးမှားကြလိမ့်မယ်။ ဗမာပြည်သမိုင်းမှာ နာမည်ကြီးလှတဲ့ လူထုအပေါ်အမြင်မှားမှု၊ ပြစ်မှားမှုကြီးတခုကို ကြားဖူးကြမယ်ထင်တယ်။ အလံနီသခင်စိုးကိစ္စပဲ။ ဗကပထဲကခွဲထွက်ပြီးစမှာ တခြားသူအားလုံးကို အချောင်သမားလို့အပြစ်တင်ပြီး လက်မတွဲနိုင်ဘူးလို့ကြေငြာထားတဲ့သခင်စိုးဟာ ရန်ကုန်မှာ လူထုဆန္ဒပြပွဲကြီးတခုကို သူတို့ချည်းဖော်ထုတ်ဖို့ စည်းရုံးတရားဟောတော့ လူထုကထွက်မလာဘူး။ သူတို့အလံနီလေး လက်တဆုပ်စာလောက်ဆိုတော့ အစိုးရက ရေပိုက်တွေနဲ့ အလွယ်တကူဖြိုခွဲပစ်လိုက်တယ်။ အဒီအခါမှာ အတော်ရှက်သွားတဲ့သခင်စိုးက "ရန်ကုန်မြို့က လူထုဟာ လူထုမဟုတ်ဘူး၊ လဒူပဲ"လို့ ပြောခဲ့တယ်။ အဲဒီစကားဟာ ရာဇဝင်ကိုတွင်ရော ဆိုတာမျိုးဖြစ်ခဲ့တယ်။ ဆိုလိုတာ လူထုကိုသေသေချာချာ အကဲဖြတ်တာ၊ ပါလာအောင်လုပ်တာတို့ဟာ အရည်အချင်းတခုဖြစ်တယ်။ လူထုဟာသမိုင်းဖန်တီးသူဖြစ်တယ်ဆိုတာ တရားသဘော၊ သမိုင်းခေတ်နဲ့ ချီပြီးပြောတာဖြစ်တယ်။ လှုပ်ရှားမှုတခု၊ တိုက်ပွဲတခုစီအတွက် သီးခြားစီ ခွဲခြမ်းစိပ်ဖြာ သုံးသပ်ပြီး လုပ်ငန်းစဉ်တွေ၊ နည်း ပရိယာယ်တွေ ချမှတ်ရတယ်။

လူထုနဲ့ပတ်သက်လာရင် ကိုယ်ကသူ့ဆီကိုသွားရတာဟာ အခြေခံတရားဖြစ်တယ် ဆိုတာမမေ့သင့်ဘူး။ ကိုယ်ကသူ့ဆီကိုထဲထဲဝင်ဝင်သွားနိုင်မှ သူကကိုယ့်ဆီကိုလာမှာ။ ကိုယ်ကအမိန့်ပေးသလို ငါ့နောက်လိုက်ခဲ့ကြလို့ ခေါ်နေလို့မဖြစ်ဘူး။ လူထုမပါပဲကိုယ်ကဘာမှလုပ်လို့မရဘူး၊ လူထုဘက်ကတော့ ဒီခေါင်းဆောင်ကို မကြိုက်ရင် နောက်ခေါင်းဆောင်ကို ရွေးချယ်လို့ရတယ်။ ဒီနိုင်ငံမှာ ဒီလူထုပဲရှိတယ်။ ကိုယ့်မှာရွေးစရာမရှိဘူး။ ဒီလူထုလက်ခံသဘောပေါက်အောင် ဘယ်လိုလုပ်ရမယ်ဆိုတာပဲ စဉ်းစားသင့်တယ်။

တပွဲထဲ၊ တချီထဲနဲ့ လူထုတရပ်လုံးလမ်းပေါ်တက်လာတယ်ဆိုတာ ဘယ်သမိုင်းမှာမှမရှိဘူး။ ရှစ်လေးလုံးအရေးတော်ပုံကြီးရှေ့မှာ ဇာတ်တိုက်တာတွေ ဘယ်နှစ်ကြိမ်ဘယ်နှစ်လီလုပ်ခဲ့ရတယ်ဆိုတာ ပြန်စဉ်းစားကြည့်ပါ။ ကိုယ့်ဘက်က ဘယ်လောက် ပြင်ဆင်မှုတွေလုပ်ထားတယ်ဆိုတာလည်း အရေးကြီးတယ်။ အမာခံအတွင်းစည်း တည်ဆောက်တာဟာ အရည်အတွက်အားဖြင့် ဘယ်လောက်များလို့ ဘယ်လောက်ကျယ်ပြန့်သလဲ။ နောက်ပြီး လူထုထဲကို ဘယ့်ကလောက်စိမ့်ဝင်ထားနိုင်သလဲဆိုတာလည်း ပြန်ဆန်းစစ်ရမယ်။ အရင်တုန်းက တနေရာရာက ဖောက်ခွဲလိုက်ရင် အုံကြွလိုက်လာကြတယ်ဆိုတာဟာ သူ့ရှေ့က၊ သိပ်မကြားလှသေးတဲ့ ကာလအတွင်းမှာ ဖြစ်ပေါ်ခဲ့တဲ့ အရေးအခင်းတွေ ရှိနေလို့ဆိုတာဟာ တကြောင်းဖြစ်တယ်။ အခုဟာက အဲဒီလိုရှေ့ပြေးတွေ စပြီးဖော်ထုတ်နေတဲ့ အဆင့်မျိုးပဲရှိသေးတယ်။ နောက်ပြီး အရင်ကလည်း အဲဒီလိုဖောက်ခွဲတုန်းမှာပဲ အဖမ်းခံသွားရတယ်ဆိုတဲ့ အဖြစ်အပျက်မျိုးတွေလည်း မနည်းဘူးဆိုတာ မမေ့သင့်ဘူး။

ဒါပေမဲ့ ပြည်သူလူထုဟာ ဒီနေ့ဖြစ်နေတာတွေကို မျက်စိမှိတ်၊ နားပိတ်ထားကြတာမဟုတ်ဘူး။ သူတို့မျက်စိဖွင့်၊ နားစွင့်ပြီးစောင့်ကြည့်နေကြတာသာဖြစ်တယ်။ ဘယ်သူတွေပါသလဲ၊ ဘယ်သူတွေမပါဘူးလဲ၊ သူတို့ခေါင်းထဲမှာ စဉ်းစားနေတာပဲ။ သူတို့လေးစားယုံကြည်တဲ့ ဘယ်သူဘယ်ဝါတွေက ဘယ်လိုတုန့်ပြန်သလဲ။ ဘယ်လိုသဘောထားဖော်ပြသလဲ။ သူတို့မဲဆန္ဒပေးခဲ့တဲ့လူတွေ ဘယ်လိုအခန်းကပါဝင်သလဲ။ ဒါတွေအားလုံးကို ထည့်တွက်ကြတာ ဓမ္မတာဖြစ်တယ်။ ကိုယ့်အိမ်နီးနားချင်းထဲကဘယ်သူတွေပါသလဲ၊ ကိုယ်သိတဲ့လူပါသလား၊ ဒ့ါအပြင် ဘယ်သူတွေ–ဘယ်သူတွေ မပါသေးသရွေ့တော့ မပါသေးဘူးဆိုတဲ့ စဉ်းစားနည်းမျိုးလူထုမှာ ရှိတတ်ကြတာပဲ။ ဒါမဆန်းဘူး။ လူထုကို နိုင်ငံရေးသမားလို တွက်တာ၊ စဉ်းစားတာ၊ တောင်းဆိုတာဟာ ကိုယ်သူငယ်မစင်သေးတာကို ပြတာသာဖြစ်တယ်။

ဗမာပြည်မှာ လူထုအုံကြွမှုတွေ မပေါ်စေချင်တဲ့၊ ဗမာပြည်ပြဿနာကို စစ်အစိုးရအလိုကျ လိုက်လျောဖြေရှင်းစေချင်ကြတဲ့

ဗမာပြည်သားတချို့နဲ့ နိုင်ငံခြားသားတချို့တွေဟာ လူထုမပါတာကိုထောက်ပြပြီး ညောင်နှစ်ပင်ကိုလက်ခံခိုင်းနေကြတယ်။ စစ်ကားကြီးတစင်း ဒုံးစိုင်းမောင်းဝင်လာတာကို ရှေ့ကနေ ဝင်မတားနဲ့ စပယ်ယာလုပ်ပြီး စစ်ဗိုလ်ကိုယပ်ခတ်ပေးဖို့ တိုက်တွန်းနေတဲ့ ပုဂ္ဂိုလ်တွေဟာလည်း သူတို့ပြောသာမယ့် အကွက်ကိုစောင့်နေကြတယ်။ အခုအထိတော့ သူတို့ဘာမှမပြောနိုင်ကြဘူး။ ချောင်မှာ ကုတ်နေကြတယ်။ ဒီနေ့တိုက်ပွဲဟာ ကျားနဲ့ဆင်လယ်ပြင်တွေ့နေတဲ့ အနေအထားဖြစ်တယ်။ နအဖဟာ ဘယ်လိုကြားဝင်မှုကိုမှ လက်မခံဘူး၊ သေတဲ့အထိမိုက်ဖို့ဆုံးဖြတ်ထားတယ်ဆိုတာ ရှင်းနေတယ်။

သူတို့ဟာ သူတို့ရဲ့ဖွဲ့စည်းအုပ်ချုပ်ပုံအတည်ဖြစ်ဖို့အတွက် ဘာမဆိုလုပ်မှာပဲ။ အဲဒါဟာ ဗမာပြည်နိုင်ငံရေးနဲ့ ဗမာပြည်ရဲ့ အနာဂါတ်၊ ဒီမိုကရေစီရေးတို့ကို သေဒဏ်စီရင်တာဖြစ်မှာပဲ။ ဒါကိုပျက်အောင်ဖျက်ဖို့ဟာ ဒီနေ့အရေးကြီးတာဝန်ပဲ။ တကယ်တော့ လူထုဆန္ဒခံယူပွဲအဆင့်ရောက်သွားတယ်ဆိုရင်ပဲ နအဖအဖို့အမြတ်ရသွားပြီ။ အဲဒီအဆင့်မှာ သူတို့ဖွဲ့စည်းပုံကိုထောက်ခံမဲရအောင် နည်းမျိုးပေါင်းစုံနဲ့ ညစ်မယ်ဆိုတာ ဘာမှသံသယဖြစ်စရာမလိုဘူး။ အဲဒီလိုနည်းနဲ့ အတည်ပြုလို့ရရင်ရ၊ မရရင်–။ မရရင်ကော ဘာထူးမှာလဲ။ သူတို့လက်ရှိပုံစံအတိုင်းဆက်အုပ်ချုပ်သွားလို့ အကြောင်းပြစရာ ရသွားတာပဲဖြစ်မယ်။ ဒါကြောင့် ဆန္ဒခံယူပွဲဆိုတာ နအဖအဖို့တော့ နိုင်လည်းနိုင်၊ ရှုံးလည်းနိုင်ပဲ။

ဒီနေ့အခါမှာ ကိုယ့်ကိုထောက်ခံတဲ့ မီဒီယာတွေရှိနေတယ်ဆိုတာ သမိုင်းရဲ့ထူးခြားချက်ပဲ။ အင်မတန်ကောင်းတဲ့ အချက်လည်းဖြစ်တယ်။ ဒါပေမဲ့ မီဒီယာနဲ့ မြေအောက်လုပ်ငန်းဟာ ပြဒါးတလမ်း၊ သံတလမ်းဖြစ်တယ်ဆိုတာကို သတိပေါ့လို့မဖြစ်ဘူး။ နောက်ပြီး ဒီမီဒီယာတွေက အေးလွင်တို့၊ ဇာနည်တို့လိုလူတွေကိုလည်း စင်ထိုးပေးနေတယ်ဆိုတယ်။ မီဒီယာနယ်ပယ်မှာ မထင်မှတ်ပဲနဲ့ စစ်ပွဲတွေဖြစ်ပေါ်နေတယ်။ အဲဒီစစ်ပွဲဟာ ပြည်သူလူထုရဲ့ အတွေးအခေါ်ကို အနည်းနဲ့အများ ဂယက်ရိုက်တယ်။

ပြည်သူလူထုဟာ နအဖအကြောင်းမသိတာမဟုတ်ဘူး၊ သိတယ်။ ဒါပေမဲ့ တိုက်ပွဲဝင်ဖို့၊ လူထုလှုပ်ရှားမှုကြီးတွေ ဆင်နွှဲဖို့ အတွေးအခေါ်အရ အသင့်ဖြစ်ပြီလား။ ဒီနှစ်ဆင့်ဟာမတူဘူး။ အတွေးအခေါ်အဆင့်ရောက်အောင်ဆိုတာ လက်တွေ့အပါ နည်းပေါင်းစုံနဲ့ တဆင့်မြှင်တင်ရသေးတယ်။ နောက်ပြီး လိုအပ်ရင်ရဲဆေးတင်တဲ့ တိုက်ပွဲတွေလည်း ဖြတ်သန်းစေရသေးတယ်။

တခုကတော့ သေချာတယ်။ ပြည်သူလူထုဟာ ဘယ်တော့မှ သစ္စာမဖောက်ဘူး။